မီးလျှံဟုန်းဟုန်းတောက်နေသော အသက်တာဖြင့်အသက်ရှင်နေခြင်း

Reinhard Bonnke ရီအင်ဟာဘုန်းကြီးလို့ပြောလိုက်ရင် သူ့နာမည်၊ သူ့ဂုဏ်သိက္ခာနဲ့ သူ့ရဲ့ တရားဟောပြောကောင်းမှု၊ အောင်မြင်ကျော်ကြားမှုတို့ကြောင့် ဘယ်သူကိုမှ ထွေထွေထူးထူး အထူးမိတ်ဆက် ပေးနေစရာမလိုတော့ပါဘူး။ မြောက်မြားစွာသော လူထုပရိတ်သတ်အပေါင်း သူ့ရဲ့တရားဟောပြောပွဲများကို တက်ရောက်ခဲ့ကြတယ်။ ဘုရားရှင်ရဲ့အင်အားကြီးမားတဲ့ ပါဝါအရှိန်များကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားခဲ့ကြရတယ်။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ဗတ္တိဇံမင်္ဂလာပေးခြင်းကို ခံခဲ့ရကြတယ်။ ဘုရားအသွေးနဲ့ ရွေးဝယ်ထားတဲ့ အာဖရိကတတိုက်လုံးကို နိုးကြားအောင်လုပ်ရမယ်လို့ ဘုရားရှင်က တာဝန်ပေးလိုက်တဲ့နေ့ကစပြီး သူ့ရဲ့အသက်တာ တစ်ခုလုံးကို ဒီအာဖရိကတိုက်တတိုက်လုံးအတွက် ပေးဆပ်ရင်း နယ်တကာလှည့်ပြီး နိုးကြားမှု၊ ဟောပြောမှုတွေကို ဆောင်ရွက်တော့တာပါပဲ။

'သူရဲ့ကောင်းဟောပြောပွဲများ' ၌ မှတ်တမ်းတင်ရေးမှတ်ချက်များအရ လူပေါင်း ၅၂ သန်း ဘုရားရှင်ကို ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံခဲ့တယ်။ ဟာလေလုယာ။ အာဖရိကတိုက်ရဲ့ ဆင်းရဲနွမ်းပါး တောကျတဲ့ နေရာတွေမှာရှိတဲ့ လူတွေဆီကို သွားရောက်ပြီး စွမ်းစွမ်းတမံဆောင်ရွက်တဲ့ သူ့ရဲ့ ဧဝံဂေလိလုပ်ဆောင်ချက်များကို အနောက်နိုင်ငံမီဒီယာများက အထူးမီးမောင်းထိုးပြကြတယ်။

"သုညဘဝမှသုညဘဝသို့" လို့ သူမကြာခဏပြောလေ့ရှိတဲ့အတိုင်း ဂျာမဏီနိုင်ငံမြောက်ပိုင်း ရွာလေးတရွာမှာရှိတဲ့ သင်းအုပ် ဆရာလေးရဲ့ အငယ်ဆုံးသားဘဝဆိုတဲ့ သူ့ဘဝအကြောင်းကို စတင်ပြောဆိုခြင်းဖြင့် တရားဟောလေ့ရှိတယ်။ ဒါပေမဲ့ ဒီကနေ့ သူ့အသက်တာကတော့ လူတွေအားလုံး စံနမူနာယူပြီး အားကျဖို့ကောင်းတဲ့ ဧဝံဂေလိသတင်းကောင်းဖြန့်ပေးသူတယောက် ဖြစ်နေပါပြီ။ သူက အားလုံးကို စိန်ခေါ်တိုက်တွန်းတဲ့အချက်ကတော့ ဘယ်နေရာကိုပဲရောက်ရောက် ဘုရားအတွက် ကြီးမားတဲ့လုပ်ဆောင်ချက် တစ်ခုခုကိုတော့ လုပ်ဖြစ်အောင်လုပ်ပါဆိုတာပါပဲ။ The Voice မဂ္ဂဇင်းမှ ယနေ့ သူနဲ့တွေ့ဆုံပြီး သူ့ဘဝအကြောင်း၊ သူ့ရဲ့ဧဝံဂေလိအမှုတော်ဆောင်သာသနာပြုလုပ်ငန်းအကြောင်း၊ တခြားလူများကို မည်သည့် အကြံဉာဏ်ကောင်းများပေးလိုပါက ပေးနိုင်ကြောင်း၊ စတာတွေကို ဒီဆောင်းပါးလေးအားဖြင့် စာဖတ်သူအား တင်ပြလိုက်ပါတယ်။

မေး။ အာဖရိကားကို သာသနာပြုဖို့ ဂျာမဏီမှလူငယ်ကိုမှ ဘုရားရှင်က ဘာကြောင့်ရွေးရတာလဲ။

ဖြေ။ ကျွန်တော် တကယ်မသိပါဘူး။ ဘုရားရှင်ကိုယ်တိုင်လည်း သူ့ကိုယ်သူဖြေရှင်းချက်ပေးမယ်လို့ မထင်မိပါဘူး။ ကျွန်တော်ရင်ထဲကို ပြင်းပြတဲ့ဆန္ဒမီးကို ထည့်ပြီး တောက်လောင်စေခြင်းဖြင့် ကျွန်တော်အလိုတော်ကိုဝန်ခံရင်း စတင်လုပ်ရှားခဲ့တာပါ။ ပုံမှန်ရိုးရိုးလေးလမ်းညွှန်ခြင်းမှ အစပြုခဲ့ပေမယ့် အခုနောက်ဆုံးမှာတော့ သူ့ရဲ့ဘိတ်သိက်ပေးလမ်းညွှန်ခြင်းအောက်မှာပါ။

မေး။ အာဖရိကားတတိုက်လုံးအတွက် ဧဝံဂေလိလုပ်ဖို့ ဘုရားကစေခိုင်းတော့ လွယ်တဲ့အလုပ်ဟုတ်ပုံ့မလား။ အဲဒါတကယ့်ကို ဘုရားရဲ့စေခိုင်းချက်လို့ ဆရာဘယ်လိုလုပ်သိပြီး အသေအချာ ပြောနိုင်တာလဲ…….

ဖြေ။ အာဖရိကားတတိုက်လုံးကြီးက ခရစ်တော်ရဲ့ အသွေးထဲမှာ နစ်မြုပ်ဆေးကြောလိုက်ပြီး သန့်စင်သွားတာကို ရူပါရုံထဲမှာ တွေ့လိုက်ရတာပါပဲ။ ချက်ချင်းထထိုင်လိုက်ပြီး အခုလုပ်ဆောင်နေတဲ့ ဒီအမှုတော်ဆောင်လုပ်ငန်း အသေးလေးကိုတောင် ရအောင်မလုပ်နိုင်တာ အာဖရိကား တစ်တိုက်လုံးကြီးဆို…. ဘယ်လိုများ ဖြစ်နိုင်ပါ့မလဲဆိုပြီး စဉ်းစားလိုက်မိတယ်။ ဒီရူပါရုံကို(၄)ညဆက်တိုက်ရတယ်။ အဲဒီနောက်မှာတော့ အမျိုးသမီးကို ဒီအကြောင်းကို ဖွင့်ပြောရတော့တာပါပဲ။ ဂျာမဏီမှာရှိတဲ့ လုပ်ဖော်ဆောင်ဖက်တွေကို ပြောပြတော့လည်း ဘယ်သူကမှ မယုံကြဘူး။ အားမပေးကြဘူး။ လူခုတုပြည်ကို နှုတ်ဆက်ခဲ့ပြီး နိုင်ငံတကာအတွက်ခရစ်တော်ဖြစ်ရမယ်ဆိုတဲ့အဖွဲ့ကို စတင်ထူထောင်ခဲ့တယ်။ ပထမဦးဆုံးအဖွဲ့ရဲ့ ရှေ့တန်းထွက် စစ်ဆင်ရေးမှာတင် အောင်မြင်မှုများကို ရတော့တာပါပဲ။

မေး။ အကြံဉာဏ်ကောင်းများပေးနိုင်တဲ့ အကြံပေးအရာရှိ ဘယ်သူကိုများ ဒီအဖွဲ့ကိစ္စ၊ ဒီအာဖရိကတတိုက်လုံးအတွက်ရူပါရုံ၊ စတာတွေကို အမှီသဟဲပြု တိုင်ပင်ပါသလဲ။ ဒါမှမဟုတ် တကယ်ပဲ သန့်ရှင်းသောဝိညာဉ်တော်တော်ရဲ့ လမ်းပြမှုအောက်မှာ ဆက်ကပ်တာလား။

ဖြေ။ ဘယ်သူဆီကိုသွားပြီး တိုင်ပင်မေးမြန်းရမလဲဆိုတာ သိကိုမသိဘူး။ အသိလည်း ဒီလောက်မရှိဘူး။ ဘုရားကျောင်းမှာ အသက်ကြီးသူ အကြီးအကဲတွေက အကြံပေးတာကတော့၊ နိုးကြားမှုဖြစ်တဲ့အချိန်ထိ စောင့်ကြည့်ပါလို့ အကြိမ်ကြိမ် ပညာရှိ သတိပေးစကားပြောကြားကြပါတယ်။ ပိုကောင်းတယ်လို့လည်း အကြံပေးကြတယ်။

မေး။ ဆရာရဲ့ သာသာနာပြုလုပ်ငန်း အစပိုင်းမှာ တခြားလူတွေရဲ့ ယုံမှားသံသယရှိခြင်း၊ ဆရာကိုလက်မခံခြင်း စတာတွေကို ကြုံတွေ့ခဲ့ရမှာပေါ့နော်။ ဘယ်လိုဖြေရှင်းခဲ့သလဲ။

ဖြေ။ ငယ်စဉ်ကတည်းက ကိုယ့်ကိုမုန်းသူကို ချစ်ပြီးကောင်းချီးပေးတတ်ဖို့ကို ကောင်းကောင်း သင်ယူတတ်မြောက်ခဲ့တယ်။ သူများကို ခွင့်လွှတ်ခြင်းဖြင့် ကောင်းကင်တံခါးပေါက်များ ကျွန်တော်အပေါ်ကို ဆက်ပြီးဖွင့်စေခဲ့တယ်။ ကျွန်တော်ရဲ့အတွေးမှာ အခြားသူတွေရဲ့ ကျွန်တော်အပေါ် ဝေဖန်ပြောဆိုတဲ့အသံတွေ၊ ကောက်ချက်ချမှုတွေ မကြာခဏပြန်ပြန်ကြားပြီး အိပ်ယာမှ နိုးထရတဲ့ ညတွေအများကြီးပါ။ ဒါတွေကို ကျွန်တော်မကြိုက်ဘူး။ လိမ်ညာမှု၊ လုပ်ကြံဖန်တီးပြောဆိုမှုတွေပဲဖြစ်လို့လေ။ နာရီပေါင်းများစွာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ပြီး ဘုရားရှင် ထိုသူကို ကောင်းကြီးပေးပါ။ ကောင်းကြီးပေးပါ။ ကောင်းကြီးပေးပါ။ လို့ စိတ်ရောကိုယ်ပါနှစ်ပြီး ဆုတောင်းလေ့ရှိတယ်။ အဲဒီလိုမျိုး ဆုတောင်းပြီး ခွင့်လွှတ်ကောင်းကြီးပေးပြီးတဲ့ နောက်နေ့ရက်အခါတို့မှာဆိုရင် မထင်မှတ်တဲ့၊ ကြီးမားတဲ့အောင်မြင်မှုများကို ကြုံတွေ့ရတတ်စမြဲပါ။ အဲဒါအဓိကသော့ချက်ပဲမိတ်ဆွေ။ ကိုယ့်ကိုယ်ကို သူများဝေဖန်ချက်ထဲမှာ မဟုတ်ကြောင်း ကာကွယ်ပြောဆို နေထိုင်ပြသနေမယ်။ ပြီးတော့ ဝေဖန်ချက်များအားလုံးကို တခုမကျန် ပြန်ပြီးတုန့်ပြန်နေမယ်ဆိုရင် ကိုယ့်ကိုယ်ကို တုတ်တုတ်မှမလှုပ်နိုင်အောင် ရိုက်သတ် နေသလိုပါပဲ မိတ်ဆွေ။

မေး။ တန်ဖိုးကြီးလှတဲ့ သင်ခန်းစာနဲ့ အမှန်တရားပါပဲ။ ဆရာဘယ်လို ရိုက်ချက်ပြင်းပြင်းမျိုးကို ကြုံတွေ့ခဲ့ရပါသလဲ ..? နတ်ဆိုးမိစ္ဆာတွေဆီက ရိုက်ချက်လား..? အကြီးအကဲတွေဆီက ရိုက်ချက်လား…? တခြားဘာသာများဆီက ရိုက်ချက်လား….? အာဏာစက် တန်ခိုးများရဲ့ ရိုက်ချက်လား… ?

ဖြေ။ ကျွန်တော်တို့ အခုသွားရောက်ပြီး သာသနာပြုနေတဲ့ နယ်ပယ်က တခြားဘာသာဝင်တွေရဲ့ နယ်ပယ်ဖြစ်တယ်။ မွတ်ဆလင်ဘာသာဝင် အများစုရှိကြတယ်။ ဘာသာမရှိသူနဲ့ သေလွန်ပြီးသူများကို ဆက်သွယ်စကားပြောခြင်း အကြံကောင်းဉာဏ်ကောင်း၊ စည်းစိမ် ဥစ္စာကောင်းများကိုတောင်းခြင်းစတဲ့ လူတွေလည်းရှိကြတယ်။ ပြောမယ်ဆို စကားပြောရတာ အင်မတန်ခက်ခဲတဲ့ လူတန်စား မျိုးပါ။ ဒါပေမဲ့ ကျွန်တော်ယုံကြည်တာကတော့ 'နှုတ်ကပတ်တော်ဆိုတာ ဘုရားရှင်ရဲ့တန်ခိုးတော်ပဲ' နှုတ်ကပတ်တော်ကို ယုံကြည်သူတိုင်း သူတို့အပေါ်မှာ တန်ခိုးသက်ရောက်တယ်ဆိုတဲ့ အချက်ပါပဲ။

ဒါကြောင့်မို့ ဒီလိုတန်ခိုးတော် သက်ရောက်ဖို့ အထူးတလည် ဆုတောင်းနေစရာမလိုပါဘူး။ နှုတ်ကပတ်တော်စကားများ အားလုံးဟာ တန်ခိုးတော်တွေပါပဲ။ ပြောချင်တာက နှုတ်ကပတ် – ဧဝံဂေလိတရားကို စပြီးဟောလိုက်တာနဲ့ ကြားတဲ့လူတိုင်းအပေါ် ဘုရားတန်ခိုးတော်က သူ့အလိုအလျှောက်သက်ရောက်ပြီးသားပဲ။ သူကိုယ်တိုင် သူ့အလိုအလျှောက် အလုပ်လုပ်တာပါ။ ကျွန်တော်တို့တာဝန်က ပါးစပ်ကဟောပြောဖို့ပါပဲ။ ခက်ခဲမှုမရှိတဲ့အပြင် အမြဲတမ်း စင်ပေါ်ကနေရတဲ့အခွင့်ပေးတယ်။ တန်ခိုးကြီးလှပါတယ်။ ဧဝံဂေလိတရား လုံးဝ လာမဟောရ ဆိုတဲ့နေရာတွေကိုလည်း ရောက်ကြရတယ်။ ကိုယ်မျက်လုံးတောင် ကိုယ်မယုံနိုင်ဘူးဗျာ။ စည်းဝေးစုရုံးခိုင်းလိုက်ပြီဆိုရင် လူ ၄သိန်း၊ ၇သိန်း၊ ၈သိန်း လာကြတယ်။ ဒါပေမဲ့ ကျွန်တော်ကိုမြင်တွေ့တာနဲ့ သူတို့အားလုံးရဲ့ စိတ်ဓာတ်၊ ပုံစံ၊ မျက်နှာတွေ ပြောင်းလဲသွားကြပြီး ငြိမ်းချမ်းသလို ခံစားရတယ်။ စာတန်ရဲ့ကြိုးကိုင်မှုအောက်မှာ ခိုင်းသမျှ အကုန်လုပ်နေကြရတဲ့ ဘဝတွေပါ။

ဧဝံဂေလိတရားကို ဟောတိုင်းဟောတိုင်း စာတန်ရဲ့ချည်နှောင်မှုကြိုးတွေကို ဘုရားရဲ့နှုတ်ကပတ်တော်က ရိုက်ချိုးဖျက်ဆီးပစ်ပြီး ဘုရားရဲ့နိုင်ငံတော် လာရောက်တည်ထောင်တာကို တွေ့မြင်ခံစားရတယ်။ တနေရာမှာ ၂ ရက်လောက်နေပြီး တရားဟောလေ့ရှိတယ်။ တကယ်ပဲ လူတွေ ပြောင်းလဲလာတာကို တွေ့ရပါတယ်။ တစ်နှစ်လောက် အကြာမှာတော့ သူတို့ ကျွန်တော်ကို ဆက်သွယ်လာကြပြီး ခင်ဗျ တရားဟောပြီးနောက်ပိုင်းမှာ မကောင်းတဲ့ ဝိညာဉ်တွေ စကားလာပြောတာမျိုး ကျွန်တော်တို့ဒေသမှာ လုံးဝကို မရှိကြတော့ဘူး။ အကုန်လုံးတိတ်ဆိတ်သွားကြတယ်လို့ ပြောပြကြတယ်။ မထူးဆန်းလှပါဘူး။ ကျွန်တော်တို့ ဒီဝိညာဉ်များကို ယေရှုနာမည်၌ နှင်ထုတ်ခဲ့ကြပြီးပြီလေ။ တွေ့လားမိတ်ဆွေ နာမတော်ကိုယုံကြည်အားကိုးပြီး နှုတ်မှထွက်ပြီး ရွတ်ဆို ဆောင်ရွက်တဲ့အမှုရဲ့ ရလဒ်ကောင်း တွေပါ။

မေး။ နှုတ်ကပတ်တော်နဲ့ ဒီနယ်ပယ်ဆိုးတွေကို အနိုင်ယူပြောင်းလဲခဲ့တယ်လို့ ဆိုလိုချင်တာလား။

ဖြေ။ သိပ်သေချာတာပေ့ါ၊ မှန်တာမှ သိပ်ကိုမှန်တာပါ။ အမြဲတမ်း နှုတ်ကပတ်တော် အားဖြင့်လေ။ ကိုယ့်မှာ အာဏာတန်ခိုးရှိ တယ်ဆိုတဲ့ စိတ်ဓါတ်၊ ခံယူချက်နဲ့ ဘယ်တော့မှ သွားရောက်ပြီး တရားမဟောဘူး။ ဒါကို အဓိကရှောင်တယ်။ ဘုရားရှင်ပြောခဲ့တဲ့ ကတိတော်ကို ယုံကြည်ဆုပ်ကိုင်ပြီး အဲဒီနေရာကိုသွားတာပါ။ ဘုရားရှင်ကပြောတယ်။ "တန်ခိုးအာဏာရှိရှိသမျှကို သူပိုင်တယ်" တဲ့။ "သူကိုယ်တိုင်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် ကျွန်တော်နဲ့အတူရှိနေမယ်" တဲ့လေ။ အဲဒီနှစ်ချက်ကို ခေါင်းထဲမှာကော နှလုံးသားထဲမှာကို ထည့်ပြီး တရားဟောတာပါ။ ဘုရားရှင်ဟာ အမြဲတမ်း အမှုတခုခုကို ဆောက်ရွက်နေတဲ့သူပါ။ သူ့အတွက်သွားရောက်ပေးတဲ့ လူနဲ့ သူအတူတူသွားတယ်။ သူ့အတွက် အလုပ်လုပ်ပေးတဲ့လူနဲ့ သူအတူတူ အလုပ်လုပ်တယ်။ ဒါပေမဲ့ အိပ်နေတဲ့လူနဲ့ သူအတူတူ လိုက်အိပ်မနေဘူး။ ထိုင်ပြီးဘာမှမလုပ်တဲ့ အပျင်းနဲ့ သူ လိုက်ပြီးထိုင်ပြီး အပျင်းတက်မနေဘူး။ ဒီအချက်ကို သူနဲ့ ပတ်သက်လို့ ကျွန်တော် ကောင်းကောင်းသဘောပေါက် သိလိုက်တယ်။ ကျွန်တော်တို့ တရားဟောတဲ့အခါမှာ ဘုရားနဲ့အတူတွဲပြီး တရားဟောတာပါ။ အချုပ်အခြာအာဏာပိုင် ဘုရားနဲ့အတူတွဲပြီး အလုပ်လုပ်တော့ဘယ်လိုဖြစ်မယ် မိတ်ဆွေထင်လဲ။ ဘုရားရှင်က ကျွန်တော်တို့နဲ့ အတူရှိပြီး အလုပ်လုပ်နေတယ်လေ။ ပြန်စဉ်းစား ကြည့်ပေါ့။

မေး။ ကောင်းလိုက်တာဆရာရယ်။ သိပ်ကောင်းတဲ့လျှို့ဝှက်ချက်၊ သော့ချက်တွေပါ။ ဆရာနဲ့ တခြားဧဝံဂေလိအမှုတော်ဆောင်တွေနဲ့ ကွာခြားချက်များရှိရင်ပြောပြပေးပါ။

ဖြေ။ မရှိပါဘူး။ အားလုံးတန်းတူညီတူပါပဲ။ ဘုရားတစ်ဆူ နှုတ်ကပတ်တော်တစ်ခုထဲကိုပဲ ဝေငှကြတာပါ။ တစ်ခုတော့ပြောချင်တယ်။ အောင်မြင်နေတဲ့ အမှုတော်ဆောင်၊ နာမည်ကျော်ကြားနေတဲ့ ဧဝံဂေလိဆရာကြီးတွေ အများကြီးရှိပေမဲ့ သူတို့နဲ့ ကျွန်တော်သွားရောက်ပြီး အတူတကွ မလုပ်ကိုင်ဘဲ အနိမ့်ကျဆုံး၊ အဆင်းရဲဆုံး၊ နာမည်လုံးဝမရှိတဲ့ ဒီအာဖရိကားမှာရှိနေတဲ့ သာသနာပြု ဧဝံဂေလိ တရားဟောဆရာများနဲ့ အတူတကွလုပ်ကိုင်ဖို့ ဆုံးဖြတ်လိုက်တယ်ဆိုတာပါ။ အခုတော့လည်းလေ မျက်ရည်တွေနဲ့ မျိုးကြဲခဲ့ကြပေမဲ့ အသီးအပွင့်တွေ ဘုရားရှင်အတွက် ဝေဆာစွာထွက်လာတာကို မြင်ရတော့ အင်မတန် ပျော်တယ်ဗျာ။ ရွှင်လန်းစွာရိတ်သိမ်းနေကြရတော့တာပါပဲလေ… ရှင်လုကာ(၄)မှာ ခရစ်တော် ပြောတဲ့အတိုင်းပေ့ါ တခြားလူနဲ့ အလုပ်တွဲလုပ်နေတယ်ဆိုတာလေ။ သူတို့ကတော့ မျိုးစေ့ကြဲခဲ့တဲ့သူတွေပါ။ ကျွန်တော်တို့ကတော့ ရိပ်သိမ်းသူတွေပေ့ါ။

မေး။ လုံးဝဆက်ပြီးမလုပ်ချင်တော့ဘူးကွာ။စိတ်ဓါတ်ကျတယ်ဆိုတဲ့အချိန်မျိုးရှိခဲ့ပါသလား။ ဘယ်လိုအောင်မြင်ကျော်လွှားခဲ့ပါသလဲ။

ဖြေ။ ရှိတာမှသိပ်ရှိ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာဆက်လုပ်ကြမလဲ၊ ဘယ်နေရာမှာ မှားသွားခဲ့တာလဲ၊ဆိုတာ မေးကြရတဲ့အချိန်ပေ့ါ။ နောက်ဆုံးတော့ ဒီလိုဆုံးဖြတ်ကြတယ်၊ ဟုတ်ပြီ၊ အဆင်မပြေဘူး။ အကောင်းဆုံးလုပ်ပေးခဲ့ပြီးပြီ။ ဒါကိုထား ခဲ့ပြီး ရှေ့ဆက်ကြရအောင်။ ဒီလိုနဲ့ နောက်တစ်နယ်ကိုဆက်ကြတယ်။ မကြာခင်မှာဘဲ အဲဒီအရင်ဒေသတွေမှာ ဘုရားရဲ့ နှုတ်ကပတ်တော်ကိုယ်တိုင် အလုပ်လုပ်ပြီး ကြီးမားတဲ့အောင်မြင်မှုရလဒ်တွေအကြောင်း မယုံနိုင်စရာဖြစ်လောက်အောင် ကြားရတော့ တာပါပဲ။ သင်ခန်းစာက ရှေ့ကိုဆက်တက်တတ်ရမယ် ဆိုတာပဲ။ ရှေ့ကိုမဆက်နိုင်ဘဲ အတိတ်နဲ့ ပစ္စုပန်မှာ မြုပ်နေရင်တော့ မလွယ်ဘူး မိတ်ဆွေ။ အပြင်းထန်ဆုံးသောသတ္တိရှိတဲ့ အဲဒီစိတ်ဓါတ်မျိုး ရှိမှဖြစ်မှာ။ နောက်တစ်ချက်ကတော့ ဘယ်တော့မှ အလျင်တဆော 'ထင်ကြေး၊ မှတ်ချက်မပေးပါနဲ့' ဆိုတာပဲ။ ဘုရားလက်ထဲထည့်လိုက်ပါ။ နှုတ်ကပတ်တော် ဘယ်တော့မှ အကျိုးမရှိဘဲ ပြန်လာတယ်လို့ ကြားဖူးသလား၊ ဒီအချက်ကို အသေစွဲကိုင်တယ်။ ကျွန်တော့်အဖွဲ့ကို သင်ကြားပေးတာကတော့ ဒီအဖွဲ့ဟာ မကောင်းပါဘူးလို့ ဘယ်တော့မှ၊ ဘယ်တော့မှ၊ ဘယ်တော့မှ မပြောကြဖို့ပဲ။ ပြောရင်ဘာဖြစ်မှာလဲ၊ ကျွန်တော်ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့ပြောသူဟာ ဘုရားရဲ့ နှုတ်ကပတ်တော်ကို စော်ကားမိသူပါ။ နှုတ်ကပတ်တော်ကို စော်ကားခြင်းဟာ ဘုရားရှင်ကို ပစ်မှားနေခြင်းပဲမဟုတ်ဘူးလား မိတ်ဆွေ။ ဂျာမဏီမှာတုန်းက ပြောသလိုမျိုးပဲပေ့ါ- ဆက်ပြေးပါ။ ဆက်သာပြေးပါ။ လမ်းကြမ်းရင်လည်းဆက်ပြေးနေပါ။ ပြဿနာမရှိဘူး ဆက်ပြေးပါတဲ့။

မေး။ ကောင်းလိုက်တဲ့ လက်ခံယုံကြည်ချက်တခုပါပဲ ဆရာရယ်။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ လုပ်ဆောင်ချက်နဲ့ ပတ်သက်ပြီး အင်မတန်အံ့အားသင့်ခဲ့ရတဲ့ အတွေ့အကြုံ ဖြစ်ရပ်များကိုလည်း တင်ပြပေးပါ။

ဖြေ။ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ သမ္မာတရားအောက်မှာ ကြီးပြင်းလာရတာဟာ သန့်ရှင်းသောဝိညာဉ်တော်ကို အပြည့်အဝ ယုံကြည်ကြတဲ့ ကျွန်တော်မိဘနစ်ပါးကြောင့်ပါပဲ။ အဖေကလည်း သင်းအုပ်ဆရာလေ။ ကျွန်တော် သန့်ရှင်းသောဝိညာဉ်တော်ကို တအားယုံကြည်တယ်။ အားကိုးတယ်လေ။ ဝိညာဉ်တော်က အာဖရိကားရောက်တော့ ကျွန်တော့်ကိုသင်ကြားပေးတယ်။ နောက်ဆုံးသော နေ့ရက်ကာလတွေမှာ ဘုရားရှင်က သူ့ရဲ့သန့်ရှင်းသောဝိညာဉ်တော်ကို လူတွေအပေါ် သွန်းလောင်းပေးမယ်ဆိုတဲ့ အချက်ကိုအတိအကျ သင်ကြားပေးတယ်။ ကျွန်တော် ပြောပြဝန်ခံချင်တဲ့ အချက်တစ်ချက်တော့ရှိတယ်။ ဟိုအရင်တုန်းကပေ့ါ….။ ဆုတောင်းစည်းဝေးတွေမှာ တခြားလူတွေက တခြားသောဘာသာစကားနဲ့ ဆုတောင်းတာမျိုးကို ကျွန်တော်မကြိုက်ဘူး။ ဒါပေမဲ့ဘုရားရှင်က ကျွန်တော်ရဲ့ အဲဒီမှားယွင်းတဲ့စိတ်ကို ပြင်တော့တာပါပဲ။ မနက်ဖြန် သန့်ရှင်းသောဝိညာဉ်တော်ရဲ့ ဗတ္တိဇံမင်္ဂလာရရှိဖို့ ဆုတောင်းပါလို့ အမိန့်ပေးတယ်။ ကျွန်တော်က အရှင်ဘုရား၊ ဒါဟာခန်းမကြီးလည်း မဟုတ်ဘူး။ လူဒုန်ဒေးတက်ရောက်နေတဲ့ နိုးကြားမှုကြီးလဲ မဟုတ်ဘူး။ ညီလာခံကြီးလည်း မဟုတ်ဘူး။ တနင်္ဂနွေအစည်းအဝေးလည်း မဟုတ်ဘူး။ ဘယ်လိုလုပ်ကျွန်တော် သန့်ရှင်းသောဝိညာဉ်တော်ရဲ့ ဗတ္တိဇံမင်္ဂလာကို တောင်းခံနိုင်ပါ့မလဲလို့ ပြန်မေးတော့ ဘုရားရှင်က အကောင်းဆုံးအဖြေကို ငါပြန်ပေးမယ်လို့ပြန်ဖြေတယ်။ မှတ်မိလား။ ငါ့ရဲ့နှုတ်တော်ထွက်စကားကို နောက်ဆုံးသောနေ့ရက်ကာလများမှာ ငါ၏သန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်းမယ် ဆိုတာကိုလေ။ ကျွန်တော်ချက်ချင်း အလင်းမြင်ပြီးအမှန်ကို သိလိုက်ရပါပြီ။ ဒီကတိဟာ ဘယ်တော့မှ ပြည့်စုံနိုင်ပါ့မလဲ။ အကယ်၍များ ကျွန်တော်တို့ဟာ ဘုရားကျောင်းရဲ့ စည်းကမ်းချက်တွေကို လိုက်နာပြီး တခြားသောဘာသာစကားနဲ့ ဆုမတောင်းကြဘူးဆိုရင်လေ။ ဒီကတိဟာ ဘယ်တော့မှ ပြည့်စုံနိုင်ပါ့မလဲ။ အကယ်၍များ ကျွန်တော်တို့ဟာ လူ ၅ သောင်းထက်မက ကုန္ဒေလျာရှိမှ တခြားသော ဘာသာစကားနဲ့ ဆုတောင်းမယ်ဆိုရင်လေ။ ဘုရားရှင်ဟာသစ္စာရှိပါတယ်။ တကယ်အောင်မြင်မှုရှိတဲ့နှလုံးသား ပိုင်ရှင်ရဲ့ တကယ် အောင်မြင်မှုကတော့ သန့်ရှင်းသောဝိညာဉ်တော်မှာပါပဲ။

မေး။ သိပ်မှန်တဲ့အချက်ပါပဲဆရာရယ်။ ပြည်နယ်စုရဲ့သမ္မတတွေ၊ ပါလီမန်အမတ်ကြီးတွေနဲ့လည်း ကိုယ်တိုင် ကြုံတွေ့ဆက်ဆံခဲ့ရတော့ ယုံကြည်သူတယောက်အနေနဲ့ ဒီအဖွဲ့တွေနဲ့ ဘယ်လိုဆက်ဆံပူးပေါင်းဆောက်ရွက်သင့်တယ်လို့ ထင်ပါသလဲ၊ ဒါမှမဟုတ် မပတ်သက်သင့်ဘူးလား၊?

ဖြေ။ ပုံမှန်လေးပဲနေတယ်။ ပုံမှန်လေးပဲသူတို့နဲ့ဆက်ဆံတယ်။ ဒါပေမဲ့ထင်မြင်ယူဆချက်ကိုတော့ တင်ပြတယ်။ နိုင်ငံရေးထဲမှာ လုံးဝမပါကြောင်း သူတို့ကိုသိစေတယ်။ ဘယ်နိုင်ငံရေးပါတီကိုမှ ကြိုက်တာမျိုးမရှိဘူး။ ဒါပေမဲ့ နိုင်ငံရေးပါတီအားလုံးနဲ့ နိုင်ငံရေးလုပ်သူတိုင်းကို ဧဝံဂေလိတရားသွားဟောဆိုရင်တော့ ရှေ့ဆုံးကသွားမယ်။ ချမ်းသာတဲ့လူတွေရဲ့ စေခိုင်းရာ ကြိုးဆွဲရာကတဲ့ အမှုတော်ဆောင်မျိုးလည်း ကိုယ့်ကိုကို အဖြစ်မခံဘူး။

ကျွန်တော်ဟာ ဘုရားရှင်ရဲ့အစေခံပါ။ ဘုရားဘုန်းတော်မေးမှိန်မဲ့ အလုပ်မျိုးကို လုံးဝကြည့်ရှောင်တယ်။ ဒါကြောင့်လည်းဒီလမ်းမှာ ဆက်လျှောက်လှမ်းနေနိုင်တာပါ။ အဲဒါကျွန်တော်ရဲ့ယူဆချက်နဲ့ထင်မြင်ချက်လေ။ တစ်ခုတော့ရှိတယ်။ ဘုရားကိုချစ်တဲ့ စစ်မှန်တဲ့ယုံကြည်သူ နိုင်ငံရေးသမားတွေအတွက်တော့ ဘုရားရှင်ကို ကျေးဇူးတင်မိတယ်။ အထူးလည်းဆုတောင်းပေးနေမိတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ နိုင်ငံရေးသမားမဟုတ်တဲ့ သာမန်လူပဲလေ။ ဒါကြောင့်လည်း ရှိသမျှ အသိုင်းအဝိုင်းအားလုံးကို သွားရောက်ပြီး တရားဟောနိုင်တာပေ့ါ။

မေး။ ပညာဉာဏ်ရှိခြင်းကို ဒီနေရာမှာဆရာ့ဆီမှခံစားရရှိပါတယ်။ တစ်ခြားအမှုတော်ဆောင်တွေကို ဘာအကြံဉာဏ်ကောင်းများ ပေးချင်ပါသလဲ၊ ဘာတွေလုပ်ရင်တော့ သူတို့ရဲ့ အမှုတော်ဆောင်လုပ်ငန်းမှာ အောင်မြင်လာမယ်လို့ အကြံပြုချင်ပါသလဲဆရာ။

ဖြေ။ အမှုတော်ဆောင်၊ ဧဝံဂေလိလုပ်သူအားလုံးတိုင်းမှာ တူညီတဲ့အချက်ကတော့ အင်မတန် အစွမ်းထက်လှတဲ့ နှုတ်စွမ်းရည် ရှိခြင်းပဲ။ အဲဒါဟာ ကျွန်တော်တို့အတွက် ကြီးမားတဲ့ခွန်အားတစ်ရပ်ပဲ။ ဘာကြောင့်လဲဆိုတော့ ဘုရားရှင်က သူ့ရဲ့နှုတ်ကပတ်တော်များကို ဒီနှုတ်စွမ်းရည်ရှိတဲ့ နှုတ်လျှာပါးစပ်မှ သန့်ရှင်းသောဝိညာဉ်တော်လမ်းပြမှုအားဖြင့် ထွက်စေတာကိုး။ 'မကြောက်ပါနှင့်'လို့ အကြံပေးချင်တယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိမှာကို မကြောက်သလို သူများရဲ့ခြိမ်းခြောက်မှုများကိုလည်း မကြောက်ပါနှင့်။ ကြောက်ကို မကြောက်ပါနှင့်။ နှုတ်ကပတ်တော်တရားများ ဟောကြားခြင်းကို အရှိအဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ပါ။ ထိုသို့အားဖြင့် ငရဲတံခါးများကို ရိုက်ချိုးပစ်ပါ။ ခရစ်တော်က ငရဲတံခါးများကို မတားမြစ်နိုင်အောင်လုပ်ဖို့မှာကြားခဲ့တယ်လေ။ ငရဲကိုတိုက်ဖျက်ပြီး ကောင်းကင် နိုင်ငံတော်ကို တိုးပွားအောင်လုပ်ချင်စိတ်မွေးပါ။ မယုံကြည်သူကို နှုတ်ကပတ်တော်ပြောပြခြင်းဖြင့် ယုံကြည်အောင်လုပ်ပါ။ ယုံကြည်၍ ပြောင်းလဲလာသူကို မှန်ကန်တဲ့အသင်းတော်ကို တက်စေခြင်းဖြင့် ပြုစုပျိုးထောင်ပေးပါ။ ဧဝံဂေလိဝေငှသူ ဖြစ်စေရန် ကြိုးစားပေးပါ။

နောက်တစ်ချက်ကတော့ လူမျက်နှာကိုထောက်ပြီး ဘုရားမျက်နှာကိုကျတော့ အလေးမပေးခြင်းဘဲ။ နှုတ်ကပတ်တော်ကို အရှိရှိတိုင်းပဲ ဟောပြောပါ၊ တမန်တော်တွေပြောသကဲ့သို့ ဟောပြောရင် တမန်တော်တွေဟောပြောမှုကြောင့် ရရှိတဲ့အသီးအပွင့်တွေကိုရမှာပဲလေ၊ ဒါဘာမှ ဖုံးကွယ်ထားစရာမှမဟုတ်တာ။ ရိုးရိုးလေးပါပဲ။ လိုက်မလုပ်ချင်ကြတာပါ။

အကယ်၍ မိတ်ဆွေက ဧဝံဂေလိဟောမယ်ဟေ့ ဆုံးဖြတ်လိုက်ပြီဆိုရင် -

1. ခရစ်တော်ရဲ့လက်ဝါးကပ်တိုင်အကြောင်း တရားဟောပါ။
2. ခရစ်တော်ရဲ့အသွေးတော်အကြောင်း သင်ကြားပေးပါ
3. ခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ် ရှင်းလင်းပြတ်သားစွာ နှုတ်မှဝန်ခံစေပါ။
4. မကျန်းမာသူများကို ဆုတောင်းပေးဖို့ မမေ့ပါနှင့်။ ဘာကြောင့်လဲဆိုတော့ ဒီလိုလုပ်ဖို့ ဘုရားရဲ့တာဝန်ပေး စေခိုင်းချက်ကြီးထဲမှာ ပါတယ်လေ။ မေ့နေပြီလား၊ မကျန်းမာသူကို ကျန်းမာဖို့အတွက် ဆုတောင်းပေးတာက ကျွန်တော်တို့အလုပ်။ မကျန်းမာသူကို ကျန်းမာစေတာက ခရစ်တော်လုပ်ဆောင်တာလေ။ မြင်အောင်ကြည့်၍ မြင်တတ်ပါစေ။

ဘုရားသခင်ဘုန်းကြီးပါစေ။ မိတ်ဆွေနှိမ့်ချထားပါ။ တရားဟော ပြောပွဲတခုမှာပေ့ါ။ ခရစ်တော်ကိုယုံကြည်ပါတယ်ဆိုတဲ့ ကယ်တင်ခြင်းကဒ်ပြားများကို ရေတွက်ကြည့်လိုက်တဲ့အခါ ၁.၆ သန်း ရှိတယ်။ အဲဒီနေ့က သူတို့ကို ကျွန်တော် ရှေ့ကဦးဆောင်ပေးပြီး ဆုတောင်းချက်တိုင်ပေးတဲ့ မိနစ် တိုကာလလေး တစ်ခုကိုတော့ ဘယ်တော့မှ မမေ့နိုင်ဘူး။ ကျွန်တော်ရဲ့ ဦးဆောင်ဆုတောင်းသံကို နောက်က စိတ်ရောကိုယ်ပါ လိုက်ရွက်ဆိုကြတဲ့ လူတွေရဲ့အသံဟာ ကောင်းကင်ဘုံမှဟယက်ရိုက်လာတဲ့ အသံတွေလိုပါပဲ။ အဲဒီလိုတကယ်ခံစားရတယ်။ အဲဒီအချိန်ဟာ တကယ်ကို လေးနက်တဲ့အချိန်ပါ။ ကျွန်တော်သိလိုက်တာကတော့ ကျွန်တော်က ကျွန်တော် နှုတ်လျှာပါးစပ်ကိုသုံးပြီး ဧဝံဂေလိဟောတယ်။ ဆုတောင်းချက်ကို တိုင်ပေးတယ်။ အဲဒီအပြစ်သားတွေ နှုတ်ကဝန်ခံချိန်မှာတော့ ကောင်းကင်ဘုံတစ်ခုလုံး ဆင်းလာပြီး ပါဝင်ကြသလိုပါပဲ။ လူကို ချစ်တဲ့ ဘုရားရဲ့ မေတ္တာပါပဲလေ။

ဘုန်းစည်းစိမ်၌စံပါယ်သော ခရစ်တော်၏ကြီးမြတ်သောနာတော်၌

ရေးသားသူ

Chris Htet Naing U

(အဖိုးဆရာကြီးဦးမောင်ဦးနှင့်အဖွားဆရာမကြီးဒေါ်ခင်ဆုံတို့အား ဂုဏ်ပြုလျက် ရေးသားပါသည်။)
Christnu@gmail.com သို့ တုန့်ပြန်ချက်များကို ပေးပို့ခြင်းဖြင့် အပြန်အလှန် ဆက်သွယ်ကြရအောင်။

By thawngno • Posted in Christianity Related Articles • Tagged Chris Htet Naing •